# ၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၃။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃၊ အပိုဒ် (ဝ)၊ အပိုဒ်ခွဲ (၂) ၌ "တပ်ရင်းအခြားငွေစာရင်း" ဆိုသည့်စကားရပ်အစား၊ "တပ်အခြားငွေစာရင်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၃၂ တွင် —

(က) အပိုဒ် (ဈ) ၌ "အကျဉ်းသား" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်၊ ထို့ပြင်

(ခ) အပိုဒ် (ည) ၌ "အကျဉ်းသား" ဆိုသည့်စကားရပ်အစား၊ "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၄၊ အပိုဒ် (က) တွင်၊ "သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်းသော်လည်းကောင်း၊ အကျဉ်းသားသော်လည်းကောင်း၊ ဖြစ်သွားပြီးသည့်နောက်" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်းဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်း ဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃၆၊ အပိုဒ် (က) တွင်၊ "ဖြစ်ပွားစေရန်မည်သူနှင့်မဆို စတင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွားစေလျှင်၊ သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင်" ဆိုသည့် စကားရပ်အစား၊ "စတင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွားစေလျှင်၊ သို့တည်းမဟုတ် မည်သူနှင့်မဆို ပူးပေါင်းကြံစည်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၄။*

၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (၃) တွင် —

(က) "သိမြင်လျက်နှင့်" ဆိုသည့်စကားရပ်အစား၊ "သိလျက်နှင့်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) "တတ်စွမ်းသမျှ" ဆိုသည့်စကားရပ်အစား၊ "ဆောင်ရွက်နိုင်စွမ်းရှိသည့် ဆောင်ရွက်မှုတစ်ခုခုကို" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၇ ရှိ ရှင်းလင်းချက်တွင်၊ "သေရည်သေရက်တစ်ခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ တစ်ခုခုသောဆေးဘက်ဝင်ဝတ္ထု တစ်ခုတည်း၏အာနိသင်ကြောင့်ဖြစ်စေ၊ သေရည်သေရက်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုကို အခြားပတ်ဝန်းကျင်ကြောင်းခြင်းရာတစ်ခုခုနှင့် ပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ" ဆိုသည့်စကားရပ်အစား၊ "သေရည်သေရက်တစ်ခုတည်း၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုတစ်ခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ သေရည်သေရက်နှင့် သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုနှင့် အခြားပတ်ဝန်းကျင်ကြောင်းခြင်းရာ တစ်ခုခုပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၈ တွင်၊ "လုံလောက်သော" ဆိုသည့်စကားရပ်အသီးသီးအစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၉၊ အပိုဒ် (ခ) တွင် "လုံလောက်သော" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၈၊ အပိုဒ် (က) တွင် "လုံလောက်သော" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၁ တွင် —

(က) အပိုဒ် (က) ၌ "လုံလောက်သော" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ခ) တွင် "ပေါ့လျော့မှုတစ်ခုခုကြောင့် ပျက်စီးနစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေလျှင်" ဆိုသည့် စကားရပ်အစား "ပေါ့လျော့မှုတစ်ခုခုကို ကျူးလွန်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) အပိုဒ် (ဃ) အစား၊ အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ် ထည့်သွင်းရမည်။

"(ဃ) ပျံသန်းရာတွင်သော်လည်းကောင်း၊ လေယာဉ်ကိုအသုံးပြုရာတွင်သော်လည်းကောင်း၊ လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သူတစ်ဦးဦးအား၊ အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေ သော၊ သို့တည်းမဟုတ် ဖြစ်စေတန်ရာသောပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုတစ်ခုခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်"။

၁၂။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၄ တွင် —

(က) ပုဒ်မခွဲ (၂)၊ အပိုဒ် (စ) အစား၊ အောက်ပါကို၊ အပိုဒ် (စ)အဖြစ် ထည့်သွင်းရမည်။

"(စ) အဆိုပါသင်္ဘောများ၏ သင်္ဘောသားများ၊ သို့တည်းမဟုတ် ရေယာဉ်မှူးများကိုဖြစ်စေ၊ အဆိုပါရေယာဉ်များ၏ သင်္ဘောသားများ၊ သို့တည်းမဟုတ် ရေယာဉ်မှူးများကိုဖြစ်စေ၊ အလွဲအသုံးပြုလျှင်"။

(ခ) ပုဒ်မခွဲ (၄)၊ အပိုဒ် (က) နှင့် (ခ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား "သုံ့ပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၅)၊ အပိုဒ် (က) နှင့် (ခ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဃ) ပုဒ်မခွဲ (၆) ၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(င) ပုဒ်မခွဲ (၇)၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(စ) ပုဒ်မခွဲ (ဂ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၇၂ တွင် —

(က) "မလိုက်နာသူ" ဆိုသည့် စကားရပ်အစား၊ "မလိုက်နာရသူ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) "သေစေသည့်" ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

၁၄။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၂၊ အပိုဒ် (ဓ) တွင်၊ "သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်းဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် သုံ့ပန်းဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်ကို

ထည့်သွင်းရမည်။

၁၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၃၊ အပိုဒ် (စ) တွင် "အကျဉ်းသား" ဆိုသည့် စကားရပ်အစား၊ "သံ့ပန်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၃၆ ရှိ ဘေးမှတ်ချက်တွင်၊ "နည်း" ဆိုသည့် စာလုံးကို ပယ်ဖျက်ရမည်။

၁၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၃၇ ၊ အပိုဒ် (ခ) အစား၊ အောက်ပါကို အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) တရားခံက သက်သေမခံမီ၊ စစ်တရားရုံးသည်၊ တရားခံ၌ သက်သေခံရန်တာဝန် ဟူ၍ မရှိဟု သတိပေးရမည့်ပြင်၊ တရားခံက သက်သေခံလျှင်၊ တရားခံနှင့် ပူးတွဲစစ်ဆေးစီရင်ခြင်းခံရသူ တစ်ဦးအပေါ်တွင်လည်းကောင်း၊ အများ အပေါ်တွင်လည်းကောင်း၊ တရားခံ၏ သက်သေခံချက်ကို အသုံးပြုနိုင် သည်ဟုလည်း တရားခံအား သတိပေးရမည်။"

၁၈။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၁) တွင် "စာတိုက်နှင့်ကြေးနန်းဆိုင်ရာ အာဏာပိုင်များက" ဆိုသည့်စကားရပ်အစား၊ "စာတိုက်ဆိုင်ရာ အာဏာပိုင်များကသော်လည်းကောင်း၊ ကြေးနန်းဆိုင်ရာအာဏာပိုင်များကသော်လည်းကောင်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၉။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၁၊ ပုဒ်မခွဲ (၄) တွင်၊ "ကောင်စစ်ဝန်" ဆိုသည့် စကားရပ်အစား၊ "ကောင်စစ်အရာရှိ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၀။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၆ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ" ဆိုသည့် စကားရပ် နောက်တွင် "အမြဲတမ်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်း ရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "အခြားနည်းဖြင့်ဖြစ်စေ" ဆိုသည့်စကားရပ်အစား၊ "အခြားနည်း ဖြင့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၁။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (၁) တွင် "ယုတ္တိရှိသည့်" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သည့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၂။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၆၆ တွင်၊ "ထို့ပြင် ထိုအရာရှိက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့်အရာရှိက" ဆိုသည့် စကားရပ်အစား၊ "ထို့ပြင် ထိုအရာရှိကသော်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ကာကွယ်ရေးဦးစီးချုပ်က အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးဦးကသော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၀၀ တွင် "သေဆုံးသောအရာရှိ" ဆိုသည့် စကားရပ်အစား၊ "သေဆုံးသူ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၀၁ တွင်၊ "သေဆုံးသူ" ဆိုသည့် စကားရပ်အစား၊ "သေဆုံးသူ၏ပစ္စည်းဥစ္စာ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၅။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၀၅ တွင် —

(က) "ကျပ်ငါးထောင်ထက်မပိုလျှင်" ဆိုသည့်စကားရပ်အစား၊ "အစုစုကျပ်ငါးထောင်ထက်မပိုလျှင်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) "အပြီးသတ်သက်သေအထောက်အထား" ဆိုသည့်စကားရပ်အစား၊ "အပြီးသတ်အခြားသက်သေအထောက်အထား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၆။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁၆ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "အချို့" ဆိုသည့်စကားရပ်အသီးသီးအစား၊ "တစ်ခုခု" ဆိုသည့် စကားရပ်ကို ထည့်သွင်း၍၊ "ထို့နောက်" ဆိုသည့်စကားရပ်အစား၊ "ထိုအခါ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "သီးခြားဖော်ပြထားသောပြစ်မှုအတွက်ဖြစ်စေ၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်တွင် ပါဝင်သော ပြစ်မှုအတွက် ဖြစ်စေ" ဆိုသည့်စကားရပ်အစား၊ "အစားထိုးထားသည့်ဆုံးဖြတ်ချက်တွင် သီးခြားဖော်ပြထားသောပြစ်မှုအတွက်ဖြစ်စေ၊ ပါဝင်သောပြစ်မှုအတွက်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည့်ပြင်၊ "ပြစ်ဒဏ်တစ်ရပ်ကို" ဆိုသည့်စကားရပ်အစား "ပြစ်ဒဏ်တစ်ရပ်နှင့်"

ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁၈၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင်၊ "ဖော်ပြထားသော၊ သို့တည်းမဟုတ် အမှု၏အကြောင်းခြင်းရာတစ်ခုခုအကြောင်းရေးသားပါရှိသော အစီရင်ခံစာတစ်စောင်ကို အမှုစီရင်ဆုံးဖြတ်ရန်အတွက်၊ အမှန်သိရှိနိုင်ရန်အလို့ငှာ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆပါက၊" ဆိုသည့်စကားရပ်အစား၊ "ဖော်ပြထားသော အစီရင်ခံစာကို၊ သို့တည်းမဟုတ် အမှုစီရင်ဆုံးဖြတ်ရန်အတွက် အမှန်သိရှိနိုင်ရန်အလို့ငှာ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆသော အကြောင်းခြင်းရာများပါဝင်သည့် အစီရင်ခံစာကို၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၈။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၃၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၃၀ အဖြစ် ထည့်သွင်းရမည်။

*စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ*

"၂၃၀။ ။ တရားလွှတ်တော်ချုပ်သည်၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ စစ်ဘက်အယူခံတရားရုံး နည်းဥပဒေများကို ပြုရမည်။ အဆိုပါ နည်းဥပဒေများဖြင့်၊ စစ်ဘက်အယူခံတရားရုံးက လိုက်နာရမည့် ကျင့်ထုံးနှင့် စည်းကမ်းနည်းလမ်းများကို ပြဋ္ဌာန်းနိုင်သည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။